ပုဂ္ဂိုလ်သုံးဦးတို့အား ကိယာမသ်နေ့တွင်

အလ္လာဟ်အရှင်မြတ်သည် စကားပြောတော်မူမည်မဟုတ်၊

၎င်းတို့အား (အပြစ်များမှ

)သန့်စင်စေတော်မူမည်မဟုတ်ပေ၊ ထို့ပြင် သူတို့အဖို့ပြင်းထန်သောအဇားဗ်ပြစ်ဒဏ်ရှိ၏

စလ်မားန် အလ်ဖာရီစီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ပုဂ္ဂိုလ်သုံးဦးတို့အား ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည်
စကားပြောတော်မူမည်မဟုတ်၊ ၎င်းတို့အား (အပြစ်များမှ )သန့်စင်စေတော်မူမည်မဟုတ်ပေ၊ထို့ပြင် သူတို့အဖို့ ပြင်းထန်သောအဇားဗ်ပြစ်ဒဏ်ရှိ၏။ ထိုသူတို့မှာ- ၁။
အိုမင်းသော်လည်း ဇိနာမှုကိုကျူးလွန်သူ ၂။ဆင်းရဲနွမ်းပါးသော်လည်း
မောက်မာထောင်လွှားသူ၊ ၃။အလ္လာဟ်အရှင်မြတ်အား မိမိ၏ ကုန်ပစ္စည်းအဖြစ်
ပြုလုပ်ထားသူဖြစ်ပြီး၊ (ဆိုလိုသည်မှာ) ၎င်းသည် (မိမိ၏ ကုန်ပစ္စည်းကို)
အရှင်မြတ်၏နာမတော်အား ကိုင်တွယ်ကျိန်ဆို၍ ရောင်းချပြီး အရှင်မြတ်၏နာမ‌တော်အား
ကိုင်တွယ်ကျိန်ဆို၍ ဝယ်ယူသူ တို့ဖြစ်သည်။ [صحيح] [رواه الطبراني]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အလ္လာဟ်အရှင်မြတ်ပေးမည့် အပြစ်ဒဏ်ကိုခံစားထိုက်‌သော လူသုံးမျိုးအကြောင်းကို မိန့်ကြားတော်မူခဲ့သည်။ ထိုသူများသည် အကယ်၍သောင်ဗဟ်အမှားဝန်ခံခြင်းမပြုပါက သို့မဟုတ် အလ္လာဟ်အရှင်မြတ်၏ခွင့်လွှတ်တော်မူခြင်းကို မခံရပါက ကိယာမသ်နေ့တွင် အပြစ်ဒဏ်သုံးမျိုးကိုခံစားရမည်ဖြစ်သည်။ ပထမပြစ်ဒဏ် - အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်နေ့တွင် ထိုသူတို့အားစကားပြောတော်မူမည် မဟုတ်ပေ။ အကြောင်းမှာ အရှင်မြတ်၏အမျက်တော်လွန်စွာပြင်းထန်သောကြောင့်ဖြစ်သည်။ ထိုမျှသာမက အရှင်မြတ်သည် သူတို့ထံမှမျက်နှာလွှဲတော်မူမည်။ သို့တည်းမဟုတ် သူတို့အတွက် မပျော်ရွှင်ဖွယ်စကားများ၊မိမိ၏အမျက်တော်ကို ဖော်ပြသော စကားများကိုသာ ပြောဆိုတော်မူမည် ဖြစ်သည်။ ဒုတိယပြစ်ဒဏ်
- အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား သန့်စင်စေတော်မူမည် မဟုတ်သလိုချီးမွမ်းတော်မူမည်လည်း မဟုတ်‌ပေ။ ထို့ပြင် အပြစ်များမှ ၎င်းတို့အား သန့်ရှင်းစင်ကြယ်စေတော်မူမည် မဟုတ်ပေ။ တတိယပြစ်ဒဏ် - ၎င်းတို့အတွက် နောင်တမွန်ဘဝတွင်ပြင်းပြနာကျင်ဖွယ်ရာ ပြစ်ဒဏ်များ ရှိခြင်းဖြစ်သည်။ ထိုသို့ ပြစ်ဒဏ်ခံစားရမည့်လူသုံးမျိုးမှာ - ၁။ အသက်အရွယ်အိုမင်းသော်လည်း စက်ဆုပ်ရွံရှာဖွယ်ဇိနာမှုကိုကျူးလွန်သူ။ ၂။ ပစ္စည်းဥစ္စာမရှိသည့် ဆင်းရဲသားဖြစ်သော်လည်း လူတို့အပေါ်မောက်မာထောင်လွှားသူ။ ၃။ ရောင်းဝယ် ဖောက်ကားရာတွင် အလ္လာဟ်အရှင်မြတ်၏(နာမတော်ဖြင့်) မကြာခဏ ကျိန်ဆိုလေ့ရှိသူ။ ထိုသို့အားဖြင့် သူသည် အလ္လာဟ်အရှင်မြတ်၏နာမတော်ကိုမထီမဲ့မြင်ပြုကာဥစ္စာပစ္စည်းစုဆောင်းရန်လမ်းစအဖြစ်အသုံးချသူဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5952